# အိမ်စာများကို အိမ်တွင် ပြီးစီးအောင် ဆောင်ရွက်ခြင်း

## မိဘနှင့် အုပ်ထိန်းသူများအတွက် သတင်းအချက်အလက်များ

သင့်ကလေး ကျောင်းတွင် လေ့လာသင်ယူနေသည့် သင်ခန်းစာများ ပိုမို ထိရောက်စေရန် အိမ်တွင် ပြီးစီးအောင်လုပ်ရမည့် အိမ်စာများကို ပေးအပ်လာနိုင်သည်။

ထိုအိမ်စာများကို ပြီးစီးအောင် ဆောင်ရွက်ရန် သင့်ကလေးကို တိုက်တွန်း အားပေးပြီး ၎င်းတို့၏ လုပ်ဆောင်ချက်များနှင့်ပတ်သက်၍ ဆွေးနွေးပြောဆိုပါ။ ဤနည်းဖြင့် ကလေးကို ပံ့ပိုးခြင်းသည် သင့်ကလေး ကျောင်းတွင် သင်ယူနေသည့် အရာများကို သင် နားလည်လာမည်ဖြစ်ပြီး သင်သည် ပညာရေးနှင့် ပညာသင်ကြားမှုကို တန်ဖိုးထားကြောင်း ၎င်းတို့အား ပြသနိုင်မည် ဖြစ်သည်။

အိမ်စာများကို အိမ်တွင် ပြီးစီးအောင် ဆောင်ရွက်ခြင်းဖြင့် သင့်ကလေးအတွက် အောက်ပါ အကျိုးကျေးဇူးများ ရရှိလာမည် ဖြစ်သည် -

- ကျောင်းတွင် သင်ယူခဲ့ရသည့် သင်ခန်းစာများကို ပြန်လှန်လေ့ကျင့်နိုင်ခြင်း၊
- ၎င်းတို့၏ သဘောပေါက်နားလည်မှုနှင့် ကျွမ်းကျင်မှုများ တိုးတက်လာခြင်း၊
- ၎င်းတို့၏ ဘဝတလျှောက်လုံးတွင် အသုံးချနိုင်မည့် လေ့လာသင်ယူမှု စွမ်းရည်များ တိုးတက်လာခြင်း။

### အိမ်တွင် အလေ့အကျင့်ကောင်းများကို ပျိုးထောင်ခြင်း

အလေ့အကျင့်ကောင်းများရှိခြင်းသည် သင့်ကလေး၏ ကျောင်းသားဘဝနှင့် လုပ်ငန်းဘဝ တလျှောက်လုံးကို အထောက်အကူ ပြုပါသည်။

- အိမ်စာများကို ပြီးအောင်လုပ်ရမည့် ပုံမှန်အချိန်တစ်ခု သတ်မှတ်ထားပါ - ၎င်းသည် နေ့စဉ် တူညီသော အချိန်ဖြစ်သင့်သည်။
- သင့်ကလေးနှင့် အသင့်တော်ဆုံးဖြစ်မည့် အချိန်ကို ရွေးချယ်ပါ (အချို့ကလေးများသည် နံနက်ပိုင်းတွင် အာရုံစူးစိုက်မှု အားကောင်းပြီး အချို့မှာ နေ့ခင်းဘက်တွင် အာရုံစူးစိုက်မှု ပိုကောင်းသည်)။

ကလေးအတွက် သက်သောင့်သက်သာရှိသော နေရာကို ဖန်တီးပေးနိုင်လျှင် အိမ်စာလုပ်ရတာ ပိုမိုလွယ်ကူလာမည် ဖြစ်သည်။

- သင့်ကလေး အိမ်စာလုပ်ရန် တိတ်ဆိတ်ပြီး အလင်းရောင် ကောင်းစွာရသည့် နေရာတစ်ခုကို ဖန်တီးပေးပါ။
- ခဲတံ၊ စာရွက် သို့မဟုတ် ကွန်ပျူတာ ကဲ့သို့သော ၎င်းတို့ လိုအပ်မည့် အရာများကို အနီးနားတွင် ထားပေးပါ။
- အနှောင့်အယှက်ကင်းသော နေရာကို ရှာပါ (ဥပမာ - တီဗွီ သို့မဟုတ် ကွန်ပျူတာ ဂိမ်းများနှင့် ဝေးသည့်နေရာ)

### သင့်ကလေးကို ကူညီနိုင်မည့် နည်းလမ်းများ

- ကလေး ဘာလုပ်နေသလဲ ဆိုတာ မေးမြန်း၊ စပ်စုပါ။
- ၎င်းတို့ သင်ယူနေသည့် အရာများကို သင့်အား ပြန်လည် သင်ပြပေးခိုင်းပါ။
- အကူအညီ လို၊ မလို စစ်ဆေးပါ။
- အိမ်စာများကို ကြိုးစားလုပ်ဆောင်ပြီးပါက ၎င်းတို့၏ ကြိုးပမ်းအားထုတ်မှုများကို ချီးကျူးပါ။
- မိဘများနှင့် အုပ်ထိန်းသူများကို အထောက်အကူ ပြုနိုင်သည့် လက်လှမ်းမီသော အရင်းအမြစ်များကို ရယူခွင့်ပြုရန် ဆရာ/ဆရာမများထံ တောင်းဆိုပါ။

အိမ်စာများကို အိမ်တွင် ပြီးစီးအောင် ဆောင်ရွက်ခြင်းသည် သင့်ကလေးအတွက် အပြုသဘောဆောင်သော အတွေ့အကြုံ ဖြစ်သင့်သည် ဆိုသည့်အချက်ကို မမေ့ပါနှင့်။

သင့်ကလေးသည် အိမ်စာများကို ပြီးစီးအောင် ဆောင်ရွက်ရာတွင် ထပ်ဆောင်း အကူအညီ လိုအပ်လျှင် ဖြစ်စေ၊ သီးခြား အစီအမံများ လိုအပ်လျှင်ဖြစ်စေ ဆရာ/ဆရာမ ထံသို့ အကြောင်းကြားပါ။

### တယ်လီဖုန်း စကားပြန် ဝန်ဆောင်မှု

ကျောင်းသို့ ဆက်သွယ်ရာတွင် စကားပြန် အကူအညီလိုအပ်ပါက 131 450 သို့ ဖုန်းခေါ်ဆို၍ ဖုန်းလက်ခံဖြေဆိုသူအား သင်လိုအပ်သည့် ဘာသာစကားကို ပြောပြပြီး ကျောင်းသို့ ဖုန်းခေါ်ဆိုခိုင်းပါ။ သင်စကားပြောဆိုရာတွင် ကူညီရန် ဖုန်းလက်ခံဖြေဆိုသူက ဖုန်းလိုင်းပေါ်တွင် စကားပြန်တစ်ဦး ထားပေးမည် ဖြစ်သည်။ ဤဝန်ဆောင်မှုအတွက် သင့်ထံမှ အခကြေးငွေ ကောက်ခံမည် မဟုတ်ပါ။